# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 7 , 2023 Volume 67, Number 5


၇.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၂၈ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၄၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၂၉၂၁၀၈၁.၂၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏ တန်ဖိုးမှာ ၁၀၉၃၆၂၂.၅၆ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲနှင့် ပြောင်းများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၆၈၅၇၀.၂၉ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၂၄၅၂၅၁၁.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၂၀၄၄၉.၂၁ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၈၇၃၁၇၃.၃၅ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၉ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄.၉၈ ကျပ် ရှိကြောင်း သိရှိရပါသည်။

Source: မနောမြေကုန်သွယ်မှုဇုန်ဌာန

## တရုတ်နယ်စပ်မှ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ရငွေမှဖြစ်စေ၊ ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ)ရှိကြောင်း တင်ပြရမည်

တရုတ်နယ်စပ်မှ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ရငွေမှဖြစ်စေ၊ ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူထားသော ငွေစာရင်းလက်ကျန်(ယွမ်ငွေ)ရှိကြောင်း တင်ပြရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီက ဆုံးဖြတ်ထားသည်။

ပင်လယ်ရေကြောင်းမှဖြစ်စေ၊ နယ်စပ်မှဖြစ်စေ ပြည်ပမှတင်သွင်းမည့် သွင်းကုန်ပစ္စည်းများအတွက် လိုင်စင်ရရှိပြီး ငွေပေးချေရာတွင် ပြည်တွင်းဘဏ်များမှဖြစ်စေ၊ ပို့ကုန်ရငွေမှဖြစ်စေ ဝယ်ယူ၍ ဘဏ်ငွေလွှဲပြောင်းပေးခြင်းစနစ်ဖြင့်သာ ပေးချေခွင့်ပြုရန်၊ တရုတ်နယ်စပ်မှ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ပို့ကုန်ရငွေမှဖြစ်စေ၊ ပြည်တွင်းဘဏ်မှဖြစ်စေ ဝယ်ယူထားသော ငွေစာရင်းလက်ကျန် (ယွမ်ငွေ)ရှိကြောင်း Bank Statement ဖြင့် တင်ပြလျှောက်ထားရန် နိုင်ငံခြားသုံးငွေကြီးကြပ်မှု ကော်မတီအစည်းအဝေးအမှတ်စဉ် (၄၁/၂၀၂၃)တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် နိုင်ငံငါးနိုင်ငံတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ အစဉ်လိုက်ရပ်တည်လျက်ရှိကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် နိုင်ငံငါးနိုင်ငံတွင် တရုတ်နိုင်ငံက ဒေါ်လာ ၁၅၃၇ ဒသမ ၈၉ သန်း၊ စင်ကာပူက ဒေါ်လာ ၁၁၄၇ ဒသမ ၂၁ သန်း၊ ထိုင်းနိုင်ငံက ဒေါ်လာ ၅၄၃ ဒသမ ၁၃ သန်း၊ မလေးရှားနိုင်ငံက ဒေါ်လာ၂၃၇ ဒသမ ၁၁ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၂၂၉ ဒသမ ၉၀၈ သန်းတို့ဖြင့် အစဉ်လိုက် ရပ်တည်နေသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့် ၁၀ နိုင်ငံတွင် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ သန်းကျော်၊ စင်ကာပူမှ ဒေါ်လာ ၂၆၀၄သန်းကျော်နှင့် ထိုင်းနိုင်ငံမှ ဒေါ်လာသန်း ၁၉၈၀ ကျော်ဖြင့် အစဉ်လိုက် ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိအတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းထားသည့်နိုင်ငံများတွင် တရုတ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဂျပန်နှင့်အမေရိကန်တို့ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ သွင်းကုန်အများဆုံး တင်သွင်းမှုအနေဖြင့် တရုတ်နိုင်ငံမှ ဒေါ်လာ ၄၆၄၇ ဒသမ ၁၀သန်း၊ စင်ကာပူမှ ဒေါ်လာ၂၆၀၄ ဒသမ၂၂ သန်း၊ ထိုင်းနိုင်ငံမှ ဒေါ်လာ ၁၉၈၀ ဒသမ ၈၉ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၁၆၄ ဒသမ ၅၁ သန်း၊ မလေးရှားနိုင်ငံမှ ဒေါ်လာ ၇၈၇ ဒသမ ၃၄ သန်း၊ အိန္ဒိယနိုင်ငံမှ ဒေါ်လာ ၃၈၆ ဒသမ ၅၄ သန်း၊ တောင်ကိုရီးယားမှ ဒေါ်လာ ၃၇၆ ဒသမ ၈၅ သန်း၊ ဗီယက်နမ်မှ ၅၈ သန်း၊ ဂျပန်မှဒေါ်လာ ၃၅၂ ဒသမ ၄၆ သန်းနှင့် အမေရိကန်မှ ဒေါ်လာ ၂၂၇ ဒသမ ၃၂သန်း တင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/249254

## ရုရှားနိုင်ငံမှ ကုမ္ပဏီပေါင်း ၅၀ ကျော်သည် Harbin Fair(တရုတ်) စီးပွားရေးကုန်စည်ပြပွဲတွင် ပါဝင်မည်ဖြစ်

ရုရှားနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလောင်ကျန်းပြည်နယ်(Heilongjiang) ရှိ ပြည်သူများသည် ရုရှားထုတ်ကုန်များဖြစ်သည့် နွားဆီရောင်ချွေ၊ ပင်လယ်စာ၊ ငါးဥ၊ ဘီယာ၊ သကြားလုံး၊ ပျားရည်၊ ဂျုံ၊ ထောပတ်၊ ကိတ်မုန့်နှင့် အခြားစားသောက်ကုန်များကို ဝယ်လိုအား အရမ်းများနေ ကြောင်း ဟေလောင်ကျန်းပြည်နယ်အစိုးရမှ ပြောကြားခဲ့ကြောင်း RIA သတင်းဌာနမှ ဖော်ပြထားသည်။

(၃၂) ကြိမ်မြောက် ဟာဘင်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်စီးပွားရေးကုန်စည်ပြပွဲ (China Harbin International Economic and Trade Fair 2023)ကို ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ တရုတ်နိုင်ငံ၊ ဟေလောင်ကျန်းပြည်နယ်၊ ဟာဘင်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပြည်နယ်အာဏာပိုင်များ၏ အဆိုအရ အဆိုပါပြပွဲကို နိုင်ငံနှင့်ဒေသပေါင်း ၃၅ ခုမှ ကုမ္ပဏီပေါင်း ၁၂၉၇ ခု တက်ရောက်မည်ဖြစ်ပြီး ရုရှားကုမ္ပဏီ ၅၁ ခု ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ရုရှားကုမ္ပဏီများသည် အစားအသောက်ထုတ်ကုန်များ၊ သစ်လုပ်ငန်းထုတ်ကုန်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများကို ပြသမည်ဖြစ်ကြောင်း၊ Harbin Fair တည်ရှိခဲ့သည့်ကာလအတွင်း ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ထူးခြားသော အားသာချက်များကို ဖန်တီးနိုင်ခဲ့ကြောင်း၊ အထူးသဖြင့် မိတ်ဖက်ရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့်ပြပွဲတွင် တရုတ်-ရုရှား စီးပွားရေးနှင့်ကုန်သွယ်မှု အခမ်းအနားအရေအတွက်သည် စီစဉ်ထားသည့် စုစုပေါင်း

အခမ်းအနား အရေအတွက်၏ လေးပုံတစ်ပုံရှိကြောင်း၊ တရုတ်-ရုရှားကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသည် ပြပွဲအတွင်းတွင် ပိုမိုကြီးမားသော အောင်မြင်မှုနှင့်ရလဒ်များ ရရှိမည်ဟုယုံကြည်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အာဏာပိုင်များ၏အဆိုအရ ရုရှားတွင် ကျယ်ပြောလှသောနယ်မြေနှင့် စိုက်ပျိုးနိုင်သော မြေ၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ စပါးနှင့်အစေ့အဆန်များ၊ မွေးမြူရေးထွက်ကုန်များ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ၊ ပြုပြင်ထားသောအစားအစာများစသည့် ကုန်ပစ္စည်းများသည် အရည်အသွေး မြင့်မားကြောင်း၊ ရုရှားအစားအစာထုတ်ကုန်များသည် ထူးခြားသော အားသာချက်များနှင့်ဂေဟစနစ်သန့်ရှင်းမှုကြောင့် ဟေလောင်ကျန်းပြည်နယ်ဈေးကွက်တွင် အသိအမှတ်ပြုခံထားရကြောင်း သိရှိရသည်။

ရုရှားနိုင်ငံမှ စားသောက်ကုန်ထုတ်ကုန်များ တင်သွင်းမှုပမာဏသည် အဆက်မပြတ် တိုးတက်လျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် ပထမသုံးလပတ်တွင် ဟေလောင်ကျန်းပြည်နယ်နှင့်ရုရှားဒေသတို့၏ ကုန်သွယ်မှုပမာဏသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၄.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယွမ်ငွေ ၄၉.၀၄ ဘီလီယံ (အမေရိကန် ဒေါ်လာ ၇.၁၃ ဘီလီယံခန့်)ရှိကြောင်း ဟာဘင်အကောက်ခွန်စီမံခန့်ခွဲရေးဌာန၏ အချက်အလက်များအရ သိရှိရသည်။

၂၀၂၂ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အဓိကအကောက်ခွန်စီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက် အရ ရုရှားနှင့်တရုတ်ကြား ကုန်သွယ်မှုပမာဏသည် ၂၉.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၉၀.၂၇၁ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရှိရသည်။

Harbin International Economic and Trade Fair ကို ၁၉၉၀ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ကမ္ဘာ့နိုင်ငံနှင့်ဒေသ ပေါင်း ၈၀ ကျော်မှ စီးပွားရေးကိုယ်စားလှယ်များပါဝင်ခဲ့ကြပြီး အစဉ်အလာအရ ပြပွဲတွင် ရုရှားနိုင်ငံ၏ ဒေသအသီးသီးမှ ရုရှားကုမ္ပဏီများသည် ၎င်း၏ထုတ်ကုန်များကို ကျယ်ပြန့်စွာပါဝင်ပြသခဲ့ကြောင်း သိရှိရပါသည်။

**Source :** https://ria.ru/20230605/kharbin-1876151499.html

https://ria.ru/20230605/kitay-1876152270.html

**(စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2007062023%2011:%2018

## မိုးခေါင်လာမှုကြောင့် လာမည့် ၁ နှစ်မှ ၃ နှစ်အတွင်း ထိုင်းနိုင်ငံ၌ ရေပြဿနာကြုံတွေ့နိုင်ဖွယ်ရှိ

ထိုင်းနိုင်ငံအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများအတွက် အားထားရာ၊ နည်းပညာမြင့် စက်မှုတည်နေရာနှင့် မော်တော်ကားသစ်များနှင့် စမတ်လျှပ်စစ်ပစ္စည်းများ၏ စက်မှုဇုန်များ ဦးတည်ရာနေရာဖြစ်သော Eastern Economic Corridor (ECC) ဖွံ့ဖြိုးလာမှုနှင့်အတူ ရေလိုအပ်ချက် မြင့်မားလာသော်လည်း ရေပံ့ပိုးပေးနိုင်မှု အကန့်အသတ်ရှိသဖြင့် အရှေ့ပိုင်းဒေသတွင် ရေအခက်အခဲပြဿနာ ကြုံတွေ့နေရကြောင်း ထိုင်းစက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ၊ ရေနှင့်သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအင်စတီကျူ၏ ဥက္ကဋ္ဌ Mr. Somchai Wangwattanapanich က ပြောကြားခဲ့ပါသည်။

ယင်းသို့ ဖြစ်ပွားရခြင်းမှာ နိုင်ငံအတွင်း အယ်နီနို(El Nino)၏ သက်ရောက်မှုများကြောင့်ဖြစ်ကြောင်း၊ အပူပိုင်း ပစိဖိတ်ဒေသအတွင်း သမုဒ္ဒရာပူနွေးလာမှုသည် နိုင်ငံအများအပြားတွင် မိုးခေါင်ခြင်း၊ မိုးကြီးခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ မိုးရာသီပုံမှန်ကျရောက်ခဲ့ပါက ရေပြတ်လပ်မှုကို မကြုံတွေ့နိုင်သော်လည်း အစိုးရအနေဖြင့် ယင်းပြဿနာကို ဖြေရှင်းနိုင်ရန် အစီအစဉ်များမရှိခဲ့ပါက နောင်နှစ်တွင် မိုးခေါင်ခြင်း ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားပါသည်။

မိုးခေါင်မှုသည် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို သက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ တောင်သူများသည် သီးနှံများ အတွက် ရေကိုမှီတည်နေရကြောင့် ရေပြတ်လပ်မှုသည် လယ်ယာစိုက်ပျိုးရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ အစိုးရသစ် ဖွဲ့စည်းမှုနှောင့်နှေးနေခြင်းကြောင့် နိုင်ငံ၏ ရေစီမံခန့်ခွဲရေးအစီအစဉ်ကိုလည်း အတားအဆီးဖြစ်စေနိုင်ကြောင်း သုံးသပ်ထား ပါသည်။

အစိုးရသစ်အနေဖြင့် Bang Pakong မြစ်မှ ECC နေရာသို့ ရေလမ်းကြောင်းလွှဲပေးခြင်းနှင့် ရေစုပ်စက်များ ပြင်ဆင်ပေးခြင်းတို့အပါအဝင် ကာလတိုရေစီမံခန့်ခွဲရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အကြံပြုပါကြောင်း၊ ထို့အပြင် နောင် ၁ နှစ်မှ ၃ နှစ်အတွင်း မိုးခေါင်မှု ပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက် နှစ် ၂၀ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို ပြန်လည်ပြင်ဆင်သင့် ပါကြောင်း Mr. Somchai က အကြံပြုထားပါသည်။

**Source:** www.bangkokpost.gov

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_060620230412

## ပြီးခဲ့သည့်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ သက်သာသည့်ဆန်စျေးနှုန်းသည် အာရှမှဝယ်ယူသူများကို ဆွဲဆောင်နိုင်ခဲ့ပြီး စျေးနှုန်းအနည်းငယ်ပြန်တက်လာ

ဗီယက်နမ်နိုင်ငံ၏ မြင့်မားသည့် ဆန်စျေးနှုန်းများကြောင့် လာမည့်ကာလတွင် ဝယ်လိုအားအတွက် စိုးရိမ်စရာကြုံတွေ့နေရသည့်အချိန်တွင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုသည် ပြီးခဲ့သည့် ၆ လနီးပါး စျေးကွက် ကျဆင်းနေခဲ့သော်လည်း သက်သာသည့်စျေးနှုန်းဖြင့် တခြားသော အာရှနိုင်ငံဝယ်လက်များကို ဆွဲဆောင်ခဲ့ရာမှ ယခုတစ်ပတ်တွင် စျေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၏ ၅ မတ်ပေါင်းဆန်တစ်တန်လျှင် ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၃၇၄ နှင့် ၃၇၈ ကြားရရှိရာမှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၃၇၅ မှ ၃၈၀ ကြားရရှိပါကြောင်း၊ အဓိကဝယ်လက်များမှာ စျေးနှုန်းအခြေအနေ စောင့်ကြည့်နေသေးသော်လည်း အာရှနိုင်ငံများမှ သက်သာသောစျေးနှုန်းဖြင့် ဝယ်ယူလာသဖြင့် စျေးနှုန်းအနည်းငယ် တက်လာခြင်းဖြစ်သည်ဟု Andhara Pradesh ပြည်နယ်အခြေစိုက် ဆန်တင်ပို့သူတစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

ရေလွှမ်းမိုးခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် စားနပ်ရိက္ခာလုံလောက်မှုရှိစေရန် မကြာခဏဆန်တင်သွင်းလေ့ရှိသော အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ်တွင် ဆန်ထွက်ရှိမှု အခြေအနေကောင်းသဖြင့် ဆန်ဝယ်ယူတင်သွင်းရန် လိုအပ်ခြင်းမရှိဟု ၎င်းနိုင်ငံ၏ စားနပ်ရိက္ခာဝန်ကြီးဖြစ်သူ Sadhan Chandra Majumder က သတင်းထောက်များကို ပြောကြားထားကြောင်းလည်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်စျေးနှုန်းမှာ ယခင်တစ်ပတ်နှင့် ပြောင်းလဲမှုမရှိဘဲ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ နှင့် ၄၉၅ အထိရရှိပြီး ဧပြီလနောက်ပိုင်း အမြင့်ဆုံးစျေးနှုန်းဖြစ်ပါကြောင်း၊ သို့ရာတွင် အဆိုပါစျေးနှုန်းကြီးမြင့်မှုများကြောင့် ကုန်သွယ်မှုမှာ အရောင်းအဝယ်မဖြစ်ဘဲ ငြိမ်သက်နေသည်ဟု ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်တွင် တန်ချိန် ၇.၉ သန်း တင်ပို့ခဲ့ရာမှ ယခုနှစ် ပထမ ၅ လအတွင်း ၄၀.၈ ရာခိုင်နှုန်းခန့် မြင့်တက်လာရန် ခန့်မှန်းထားသည်ဟု အစိုးရကထုတ်ပြန်သည့် အချက်အလက်များအရ သိရှိရကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် မေလအတွင်း တန်ချိန် ၁ သန်းခန့်ရှိကြောင်းလည်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ ၅ မတ်ဆန်စျေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၄၉၅ မှ ၅၀၀ ကြားရရှိရာမှ ယခုတစ်ပတ်တွင် ဝယ်လိုအားကျဆင်းခြင်းနှင့် ဘတ်ငွေစျေးနှုန်း အားနည်းခြင်းတို့ကြောင့် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ သာ ရရှိပါကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

**Source : Indian rice rates recover slightly as recent dip attracts Asian buyers, The Economic Times, June 2, 2023**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2006062023%2015:%2055

## အိန္ဒိယဗဟိုအစိုးရက ပဲစင်းငုံနှင့်မတ်ပဲခွဲခြမ်း သိုလှောင်ထားနိုင်မှုကန့်သတ်ချက်အား (အောက်တိုဘာလအထိ) ပြဋ္ဌာန်း

ပဲစင်းငုံနှင့်မတ်ပဲများ သိုလှောင်ထားရှိနိုင်သည့် ပမာဏကန့်သတ်ချက်(အောက်တိုဘာလ ၃၁ ရက်အထိ) ကိုပြဋ္ဌာန်းရန် ဗဟိုအစိုးရက ဆုံးဖြတ်ခဲ့သည်ဟု စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ယခုတစ်ပတ်အတွင်း ပဲစင်းငုံနှင့်မတ်ပဲဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့ပြီးနောက် အဆိုပါကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အထက်ပါပဲနှစ်မျိုးသည် ယခုနှစ်အစောပိုင်းကာလကတည်းက ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ပဲမျိုးစုံကဏ္ဍအပေါ် သက်ရောက်မှုရှိခဲ့ပါကြောင်း၊ ပြည်ပမှတင်သွင်းမှုများ မျှော်မှန်းထားသည်ထက် လျော့နည်းခြင်းနှင့် ဝယ်လိုအားများလာခြင်းတို့သည် ဈေးနှုန်းအပေါ် သက်ရောက်မှုများရှိခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် အဆိုပါကုန်စည်ပစ္စည်းများ အပေါ်တွင် အခွန်ကောက်ခံမှုနှုန်း သုညရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ် မတ်လအထိ ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ပဲစင်းငုံနှင့်မတ်ပဲခွဲခြမ်းများကို ပုံမှန်ရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားခြင်းနှင့် ဈေးကစားခြင်းတို့မှ ကာကွယ်ရန်နှင့် စားသုံးသူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန်အတွက် အိန္ဒိယအစိုးရက လက်ကားရောင်းချသူများ၊ လက်လီရောင်းချသူများ၊ လက်လီဆိုင်ခွဲများစွာရောင်းချသည့် ကုမ္ပဏီကြီးများ၊ ပဲခွဲစက်ရုံများနှင့် တင်သွင်းသူများမှ သိုလှောင်ထားနိုင်သည့် ပမာဏကန့်သတ်ချက်အမိန့်ကို ထုတ်ပြန်ကြေညာရခြင်းဖြစ်သည်ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားပါကြောင်းနှင့် လက်ကားရောင်းချသူများအတွက် သိုလှောင်နိုင်သည့်ပမာဏမှာ တန်ချိန်-၂၀၀ အထိလည်းကောင်း၊ လက်လီရောင်းချသူများအတွက် ၅ တန်၊ လက်လီရောင်းချသည့် ကုမ္ပဏီကြီးများအတွက် သိုလှောင်ရုံ၌ တန်ချိန် ၂၀၀ အထိနှင့် ၎င်း၏ဆိုင်ခွဲငယ်များအတွက် ၅ တန်စီအားလည်းကောင်း၊ ပဲခွဲစက်ရုံလုပ်ငန်းများအတွက် ထုတ်လုပ်မှုမှ ၃ လအတွင်း သို့မဟုတ် တစ်နှစ်လုံးထုတ်လုပ်နိုင်မှုပမာဏ၏ ၂၅ ရာခိုင်နှုန်းအား လည်းကောင်း၊ တင်သွင်းသူများအတွက် အကောက်ခွန်ရှင်းလင်းပြီးနောက် ရက်ပေါင်း ၃၀ အထိလည်းကောင်း သိုလှောင်ထားရှိခွင့်တို့ကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပဲတင်သွင်း၊ ထုတ်လုပ်၊ ရောင်းချနေသောကုန်သည်၊ လုပ်ငန်းရှင်များအားလုံးသည် ၎င်းတို့သိုလှောင်ထားရှိသည့် ပဲစင်းငုံနှင့် မတ်ပဲပမာဏကို စားသုံးသူရေးရာဦးစီးဌာနသို့ အသိပေးတင်ပြရမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကန့်သတ်ပမာဏထက် ပို၍သိုလှောင်ထားရှိပါက သတ်မှတ်ထားသည့် ပမာဏအတွင်းရောက်ရှိအောင် ရက် ၃၀ အတွင်း ဆောင်ရွက်သွားရန် လိုအပ်မည်ဟု ဝန်ကြီးဌာနက ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

**Source: Center to impose stock limits on tur and urad dal till October 31, The Economic Times, June 2, 2023.**

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Yangon)%2006062023%2015%20%20:%20%2029

## STOCK EXCHANGE (7.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

**Stock trading data**

As of 7th Jun. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,533 (Shares) | 13,191,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 1,250 | 10,010,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 732 | 2,122,050 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 7 | 51,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,450 | 1,450 | 1,450 | 324 | 469,800 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,450 | 220 | 539,000 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.57 | -1.41 | -0.39% | 358.30 | 359.41 | 356.42 | 2,533 | 13,191,950 | 7 | 631,824 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 2,533 (Shares) | 13,191,950 (MMK) |

## Main Board

As of 1:00 pm, 7th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,533 (Shares) | 13,191,950 (MMK) |

| MYANPIX | 358.57 ▼ 1.41 |
|---|---|
| Total Volume (shares) | 2,533 |
| Total Value (MMK) | 13 mil |
| Listed Company | 7 |
| Market Cap. (MMK) | 631,824 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |